# Chapter-9 Cooling Load

## ၉.၁ Cooling Plant Load

Cooling plant များအတွက် ဒီဇိုင်းလုပ်ရမည့် cooling load ကို အဆောက်အဦအသစ် ဖြစ်လျှင် cooling load software ကို အသုံးပြု၍ တွက်နိုင်သလို လက်ရှိ အဆောက်အဦဖြစ်လျှင် energy audit ဒေတာ များမှ ရရှိနိုင်သည်။ Cooling load သည် အဆောက်အဦ၏ heat gain ဖြစ်သည်။

မည်သည့်နည်းကို သုံးသည်ဖြစ်စေ cooling load တွင် အောက်ပါ heat gain များ ပါဝင်သည်။

(က) Outdoor air load
(ခ) System losses/gains
(ဂ) External gains
(ဃ) Internal gains
(င) Zone load နှင့်
(စ) Peak simultaneous building or zone loads တို့ ဖြစ်သည်။

### ၉.၁.၁ Outdoor Air Load

ပြင်ပလေအပူချိန်(outdoor air temperature)သည် အခန်းအပူချိန်(indoor air temperature) ထက် ပိုမြင့်သောကြောင့် cooling plant လိုအပ်သည်။ လူများ လေကောင်းလေသန့်ရရန်၊ Indoor Air Quality (IAQ) ကောင်းမွန်စေရန် စသည့် အကြောင်းများကြောင့် အဆောက်အဦ သို့မဟုတ် အခန်းအတွင်းသို့ ပြင်ပလေ(outdoor air)များ ထည့်ပေးရန် လိုအပ်သည်။ ပြင်ပလေအပူချိန်(outdoor air temperature)သည် အခန်းအပူချိန်(indoor air temperature) ထက် ပိုမြင့်သောကြောင့် ပြင်ပလေ(outdoor air)ပေးခြင်းသည် heat gain ကို ပိုများစေကာ cooling load လည်း ပိုများ လာလိမ့်မည်။ ထို့ကြောင့် ထည့်ပေးသည့် ပြင်ပလေ(outdoor air) အနည်းအများ ပမာဏကို လိုက်၍ cooling load လိုက်များလာလိမ့်မည်။

### ၉.၁.၂ System losses/gains

Fan မော်တာမှ ထွက်သည့် အပူ(heat) များကြောင့် system heat gain ဖြစ်ပေါ်လာသည်။ လေများသည် fan သို့မဟုတ် blower ကို ဖြတ်ပြီးနောက် အပူချိန် (၁)ဒီဂရီ မှ (၃)ဒီဂရီ စင်တီဂရိတ်အတွင်း မြင့်တက်

နိုင်သည်။ Duct အတွင်းရှိ supply air temperature သည် duct အပြင်ရှိ အခန်း အပူချိန်ထက်နိမ့် နေသောကြောင့်လည်း system heat gain ဖြစ်ပေါ်သည်။ ထို system heat gain များကို သေချာစွာ တွက်ချက်နိုင်မှ cooling load တန်ဖိုး မှန်ကန်ပေလိမ့်မည်။

### ၉.၁.၃ External gains

အဆောက်အဦ၏ နေရာ(location)၊ မျက်နှာမူရာဘက်(orientation)၊ တည်ဆောက်ထားသည့် ပစ္စည်း အမျိုးအစား(material)၊ ပြူတင်းပေါက်များ၏အကျယ်(window to wall ratio)၊ တပ်ဆင်ထားသည့် sun shade နှင့် walls ၊ glazing၊ roofs and floor စသည်တို့ကိုလိုက်၍ external heat gain တန်ဖိုး အနည်း အများကွဲပြားသည်။

### ၉.၁.၄ Internal gains

Internal heat gain များသည် လူအရေအတွက်(occupancy and activity details)? lighting မှထွက်သည့် heat gain နှင့် တခြားသော equipment များမှ ထွက်သော heat gain များ ပါဝင်ကြသည်။

### ၉.၁.၅ Zone load

အဆောက်အဦ အတွင်းတွင် အခန်းများစွာ၊ အထပ်များစွာ ရှိနိုင်သည်။ သို့သော် အခန်းများ အထပ်များကို လိုက်၍ ခွဲခြားပြောဆိုခြင်းထက် ဇုန်(zone)များအဖြစ် ခွဲခြားပြောဆိုခြင်းက ပို၍ သင့်လျော်သည်။ အထပ်တစ်ခုလုံးကို ဇုန်တစ်ဇုန် အဖြစ် သတ်မှတ်နိုင်သည်။ Set point အပူချိန်တူသည့် အခန်းများအားလုံးကို ဇုန်တစ်ဇုန်အဖြစ် သတ်မှတ်နိုင်သည်။ External heat gain တူသည့် အခန်းများအားလုံးကို ဇုန်တစ်ဇုန်အဖြစ် သတ်မှတ်နိုင်သည်။ ဥပမာ-အထပ်တစ်ထပ်အတွင်းရှိ အရှေ့ဘက်နေရောင် အထိုးခံရသော အခန်းများ အားလုံးကို ဇုန်တစ်ဇုန်အဖြစ် သတ်မှတ်နိုင်သည်။ ဇုန်တစ်ဇုန်၌ ရှိသည့် heat gain ကို zone load အဖြစ် သတ်မှတ်နိုင်သည်။

### ၉.၂ Peak Simultaneous Building Loads သို့မဟုတ် Zone Load

ဇုန်တစ်ဇုန်ချင်းစီ၏ peak load ဖြစ်ပေါ်သည့် အချိန်သည် မတူညီကြပေ။ အရှေ့ဘက်နေရောင် အထိုးခံရသောဇုန် (အခန်းများ)၏ peak load သည် မွန်းမတည့်မီ ဖြစ်နိုင်သည်။ အနောက်ဘက်နေရောင် အထိုးခံ ရသောဇုန်(အခန်းများ) ၏ peak load သည် မွန်းလွဲပြီးချိန်၌ ဖြစ်နိုင်သည်။ ထို့ကြောင့် ဇုန်များအားလုံးပေါင်းပြီး ရရှိသည့် total peak load ဖြစ်ပေါ်မည့် မည့်အချိန်ကို သိရန်လိုသည်။ "Peak simultaneous load" ဟုလည်း ခေါ်ဆိုသည်။ Sensible heat gain နှင့် Latent heat gain နှစ်မျိုးလုံးကို ထည့်စဉ်းစားရန် လိုသည်။

## Design information required

### Zones

ဇုန်များအဖြစ် ပိုင်းပိုင်းပြီးခွဲခြားထားခြင်းကြောင့် အထူးသဖြင့် ဇုန်တစ်ဇုန်နှင့် တစ်ဇုန် heat gain များစွာ ကွဲပြားကြသည့်အခါ ဇုန်တစ်ခုချင်းစီကို ပိုကောင်းစွာ control လုပ်နိုင်သည်။ (ပြူတင်းပေါက်များ၊ နံရံများ ကို အတိအကျ ဖော်ပြထားသည့် architect's layout drawing များမှ ဇုန်တစ်ခုချင်းစီ၏ အကျယ်အဝန်းနှင့် ဇုန်အရေ အတွက်ကို တွက်ယူနိုင်သည်။ ဇုန်တစ်ဇုန်ကို AHU တစ်လုံး သို့မဟုတ် နှစ်လုံး တပ်ဆင်ပေးနိုင်သည်။ သို့မဟုတ် fan coil များစွာ တပ်ဆင်နိုင်သည်။

### Zone heat gains

ဇုန်တစ်ခုချင်းစီ၏ heat gain ကို တွက်ချက်ရန် လိုအပ်သည်။ ဇုန်များအဖြစ် ပိုင်းခြားထားသည့် internal wall သည် အပူချိန် မတူညီသည့် ဇုန်နှစ်ခုအကြားတွင်ရှိလျှင် ထို wall မှ heat gain ကိုလည်း ထည့်တွက်ရန် လိုအပ်သည်။

### Hourly cooling loads

Zone load များကို နာရီအလိုက်(hourly basis)တွက်ရမည်။ ဂရပ်ပေါ်တွင် zone load တန်းဖိုးများကို ချ၍ ရေးဆွဲခြင်းဖြင့် peak simultaneous load ကို ရရှိနိုင်သည်။

Approximate peak time of loads တွက်ပြီးနောက် ဇုန်အားလုံးအတွက် တစ်ဇုန်ချင်းစီ ၏ နာရီတိုင်းကို တွက်ရန်လည်း မလိုအပ်ပေ။ အကယ်၍ peak time သည် 14:00 hr (မွန်းလွဲ ၂နာရီ) ဖြစ်ပါက 13:00 hr နှင့် 15:00 hr တို့ရှိ load စစ်ဆေးရုံဖြင့် လုံလောက်သည်။ Peak time နှင့် peak load တို့ကို မှန်ကန်စွာ တွက်ချက်ပြီးသား ဖြစ်ကြောင်း မှတ်ယူ နိုင်သည်။ Computer software ကို အသုံးပြုပြီး တွက်ပါက maximum load ဖြစ်ပေါ်သည့်အချိန်ကို အလွယ်တကူ သိနိုင်သည်။

**ဥပမာ**

အရှေ့ဘက်ဇုန်(east zone) နှင့် အနောက်ဘက်ဇုန်(west zone) ဟူ၍ ဇုန်နှစ်ဇုန် ရှိသည့် အဆောက်အဦတစ်ခုကို နမူနာအဖြစ် တွက်ပြထားသည်။ ဇုန်တစ်ဇုန်လျှင် fan coil unit(FCU) (၁၅)လုံး တပ်ဆင်ထားသည်။ အရှေ့ဘက်ဇုန်(east zone)ရှိ FCU တစ်လုံးစီ၏ cooling capacity မှာ 1.5 kW ဖြစ်သည်။ West Zone ရှိ FCU တစ်လုံးစီ၏ cooling capacity မှာ 2.0 kW ဖြစ်သည်။

အဆောက်အဦ၏ total capacity မှာ 175 kW ဖြစ်သည်။ Primary cooling system အဖြစ် fan coil unit အားလုံး ၏ capacity ကို 175 kW နှင့်အညီ ဖြစ်အောင် တပ်ဆင်ရန် မလိုအပ်ပေ။ အဘယ်ကြောင့်ဆိုသော် fan coil unit များ အားလုံးသည် full capacity ဖြင့် တပြိုင်တည်း မောင်းနေမည့် အချိန်မရှိနိုင်သောကြောင့် ဖြစ်သည်။ ဇုန်တစ်ခုချင်းစီတွင် ဖြစ်ပေါ်မည့် cooling load ကို နာရီအလိုက်(hourly basis) ဖော်ပြထားသည်။ အရှေ့ဘက်ဇုန် (east zone) နှင့် အနောက်ဘက်ဇုန်(west zone) တို့တွင် နာရီအလိုက်ဖြစ်ပေါ်သော load များကို ပေါင်းခြင်းဖြင့် အဆောက်အဦတွင် ဖြစ်ပေါ်မည့် building load ကို ရရှိနိုင်သည်။ ထိုနောက် peak simultaneous load ကို သိနိုင်သည်။ ဤဥပမာတွင် peak simultaneous load မှာ 145 kW ဖြစ်သည်။

ဂရပ်ပေါ်တွင် အဆောက်အဦ၏ peak simultaneous load ထင်ရှားစွာ သိမြင်နိုင်သည်။ အဆောက်အဦတစ်ခုတွင် အခန်းပေါင်းများစွာ ဇုန်ပေါင်းများစွာ ရှိနိုင်သောကြောင့် maximum simultaneous load ကို သိရန် အတွက် ဇုန်အားလုံး၏ cooling load ကို တွက်ရန် လိုအပ်သည်။

| Time 24 h | East zone (kW) | West zone (kW) | Total (kW) |
|---|---|---|---|
| 00:00 | 0 | 0 | 0 |
| 01:00 | 0 | 0 | 0 |
| 02:00 | 0 | 0 | 0 |
| 03:00 | 0 | 0 | 0 |
| 04:00 | 0 | 0 | 0 |
| 05:00 | 0 | 0 | 0 |
| 06:00 | 0 | 0 | 0 |
| 07:00 | 20 | 0 | 20 |
| 08:00 | 40 | 20 | 60 |
| 09:00 | 65 | 30 | 95 |
| 10:00 | 75 | 40 | 115 |
| 11:00 | 65 | 60 | 125 |
| 12:00 | 60 | 75 | 135 |
| 13:00 | 55 | 90 | 145 |
| 14:00 | 40 | 100 | 140 |
| 15:00 | 30 | 85 | 115 |
| 16:00 | 20 | 65 | 85 |
| 17:00 | 15 | 55 | 70 |
| 18:00 | | 40 | 40 |
| 19:00 | | 30 | 30 |
| 20:00 | | 20 | 20 |
| 21:00 | | | |
| 22:00 | | | |
| 23:00 | | | |




**References:**

CIBSE Guide A, *Environmental Design,* 2006, ISBN 1 903287 66 9

Lawrence Race G, Pennycook K, *Design Checks for HVAC – A Quality Control Framework for Building Services Engineers* – sheets 19-23, BG 4/2007, BSRIA 2007, ISBN 978 086022 669 7

## ၉.၃ Design Watch Points

(၁) Solar gain တစ်ခုတည်းသာ အချိန်ကို လိုက်၍ ပြောင်းလဲသည်မဟုတ် occupancy rate နှင့် equipment တို့သည်လည်း အချိန်ကို လိုက်၍ ပြောင်းလဲနေကြသည်။ Equipment များသည် လူများသုံးမနေသည့်အချိန်တွင် ပိတ်မထားပဲ standby mode ဖြစ်နေသောကြောင့် heat reject လုပ်ကြသည်။

အရေးကြီးသောအချက်မှာ heat gain များကို အချိန်နှင့် လိုက်၍ တွက်ရန်လိုသည်။

(၂) အချို့သော computer programme များနှင့် software တို့သည် cooling load ကိုသာ တွက်ချက် ပေးပြီး outdoor air load ကို ထည့်သွင်း တွက်ချက်ခြင်း မပြုလုပ်နိုင်ကြပေ။ တချို့သော software များသည် outdoor air load ကို ထည့်သွင်း တွက်ချက်ပေးနိုင်သော်လည်း လိုအပ်သည့် information များကို အတိအကျ ထည့်သွင်း ပေးရန် လိုအပ်သည်။

## ၉.၄ Heat Balance on The Body

လူတစ်ဦးချင်း တစ်ယောက်ချင်းစီ၏ အပူချိန် ကြိုက်နှစ်သက်မှုသည် မတူညီပေ။ တချို့က (၂၀) ဒီဂရီစင်တီဂရိတ် မှ (၂၂) ဒီဂရီစင်တီဂရိတ် အပူချိန်တွင် သက်သောင့်သက်သာ(comfortable) ဖြစ်သည်ဟု ထင်ကြသည်။ တချို့က အပူချိန်(၂၂)ဒီဂရီ စင်တီဂရိတ်မှ (၂၄)ဒီဂရီစင်တီဂရိတ် အတွင်း၌ သက်သောင့် သက်သာ (comfortable) ဖြစ်သည်ဟု ထင်ကြသည်။ သက်သောင့်သက်သာ(comfortable)ဖြစ်မှုသည် ထိုသူ၏ ခန္ဓာကိုယ် အတွင်းမှ အပူချိန်ဆုံးရှုံးမှုနှုန်း ပေါ်တွင် မူတည်သည်။ လူ၏ခန္ဓာကိုယ်သည် အစားအစာများကို လောင်စာ(fuel)အဖြစ် လောင်မြိုက်နေသည့် မီးဖိုကြီးတစ်ခုသာ ဖြစ်သည်။ လူများ စားသောက်သည့် အစားအစာထဲတွင် ကာဗွန်(carbon)နှင့် hydrogen တို့ ပါဝင်သည်။ စားသောက်ပြီးသည့် နောက် အစားအစာများနှင့် ရှူသွင်းလိုက်သည့် လေထဲမှ အောက်စီဂျင်တို့ ဓာတ်ပြုကာ(Oxidation ဖြစ်ကာ) Carbon-dioxide နှင့် ရေငွေ့(water vapour)တို့ ထွက်လာသည်။ ထိုဖြစ်စဉ်ကို ဆရာဝန်နှင့် သိပ္ပံပညာရှင်များက ဇီဝဖြစ်စဉ်(metabolism)ဟုခေါ်သည်။ တစ်နည်းအားဖြင့် ဇီဝဖြစ်စဉ် (metabolism) ဆိုသည်မှာ လူတို့စားသုံးလိုက်သည့် Carbohydrate ၊ Fat နှင့် Protein တို့ကို ခန္ဓာကိုယ်မှ ချေဖျက်လောင်ကျွမ်းစေခြင်းပင် ဖြစ်သည်။

လူခန္ဓာကိုယ်သည် အပူချိန်မပြောင်းလဲသည့် ကိရိယာတစ်မျိုးဖြစ်သည်။ (The body is a constant temperature device) လူ၏ metabolism ကိစ္စများအတွက်နှင့် ကျန်းမာရန်အတွက် လူ၏ခန္ဓာကိုယ်အတွင်းမှ အပူချိန်သည် ၉၈.၆ ဒီဂရီဖာရင်ဟိုက် (၃၇ ဒီဂရီစင်တီဂရိတ်) ခန့်တွင် ရှိနေရန် လိုအပ်သည်။ လူတို့ သွားလာလှုပ်ရှားရန်အတွက် လိုအပ်သော စွမ်းအင်(energy)ကို အစား အစာများမှ ရရှိသည်။ လူတစ်ယောက်၏ သက်တောင့်သက်သာ ထိုင်နေ၊ နားနေသည့်အချိန်ကို basal metabolic အခြေအနေဟု ခေါ်သည်။ ထိုအခြေအနေတွင် ခန္ဓာကိုယ်သည် မည်သည့် ကိုယ်လက်လှုပ်ရှားမှုကို မျှ မပြုလုပ်ဘဲ အသက်ရှူခြင်း၊ သွေးများကို လည်ပတ်စေခြင်းစသည့် ခန္ဓာကိုယ် အတွင်းရှိ ဇီဝဖြစ်စဉ်များကိုသာ ဖြစ်ပေါ် နေသည်။ Metabolic rate သည် ခန္ဓာကိုယ်မှ စွမ်းအင်(energy) သုံးစွဲနှုန်း (consumption rate) ပင်ဖြစ်သည်။

ခန္ဓာကိုယ်အလေးချိန် ကီလို(၇၀) ရှိပြီး၊ surface ဧရိယာ ၁.၈ စတုရန်းမီတာ ရှိသော အသက် (၃၀) အရွယ်ရှိ ယောကျ်ား တစ်ယောက်နားနေသည့်အခါ၌ basal metabolic rate သည် 84 watt ဖြစ်သည်။ ခန္ဓာကိုယ်သည် တစ်စက္ကန့်လျှင် 84 J ပမာဏရှိသော စွမ်းအင်ကို အသုံးပြုနေသည်။ တစ်နည်းအားဖြင့် ခန္ဓာကိုယ်သည် တစ်စက္ကန့်လျှင် 84 Watt (joules per second) ရှိသော အပူပမာဏကို ခန္ဓာကိုယ်၏ ပြင်ပသို့ စွန့်ထုတ်နေသည်။ စားသုံးလိုက်သည့် အစားအစာများက ဓာတုစွမ်းအင်(chemical energy)များကို ခန္ဓာကိုယ်မှ အပူစွမ်းအင်(thermal energy)အဖြစ်သို့ ပြောင်းလဲပေးနေသည်။ အစာအိမ်ထဲတွင် ချေဖျက်စရာ အစားအစာ မရှိပါက ခန္ဓာကိုယ်မှ အဆီများကို လောင်ကျွမ်းစေသည်။

| | |
|---|---|
|  |  |
| An average person dissipates energy to the surroundings at a rate of 84 W when resting. | Two fast-dancing people supply more energy to a room than a 1-kW electric resistance heater. |

Metabolic ဖြစ်နှုန်းသည် လူ၏လှုပ်ရှားမှုကို လိုက်၍ ပြောင်းလဲနေသည်။ လူ၏လှုပ်ရှားမှု ပိုများလေ metabolic ဖြစ်နှုန်း ပိုများလေ ဖြစ်သည်။ ပြင်းထန်သော ကာယလေ့ကျင့်မှု လုပ်သူတစ်ဦး၏ metabolic ဖြစ်နှုန်းသည် သာမန် နားနေချိန်တွင် ဖြစ်သည့် basal metabolic ဖြစ်နှုန်းထက် (၁၀)ဆခန့် ပိုများသည်။ ထို့ကြောင့် အခန်းတစ်ခု အတွင်းတွင် လူနှစ်ယောက် ကာယလေ့ကျင့်ခန်းပြုလုပ်နေစဉ် ထွက်လာသည့် အပူပမာဏသည် 1kW လျှပ်စစ် အပူပေးစက် (heater)မှထွက်သည့် အပူပမာဏထက် ပိုများသည်။ လူခန္ဓာကိုယ်မှ ထွက်သည့် အပူ(heat) သည် total heat ကို ဆိုလိုသည်။ Total heat တွင် sensible heat နှင့် latent heat တို့ ပါဝင်သည်။ လေ့ကျင့်ခန်း အပြင်းအထန်လုပ်နေသည့် အချိန်တွင် sensible heat ပမာဏမှာ (၄၀)ရာခိုင်နှုန်း ဖြစ်ပြီး latent heat ပမာဏမှာ (၆၀)ရာခိုင်နှုန်း ဖြစ်သည်။ သာမန်လှုပ်ရှားမှု ပြုလုပ်နေချိန်တွင် sensible heat မှာ (၇၀)ရာခိုင်နှုန်းဖြစ်ပြီး latent heat မှာ (၃၀)ရာခိုင်နှုန်း ဖြစ်သည်။ ခန္ဓာကိုယ်မှ ချွေးထွက်ခြင်း(perspiration) သည် latent heat ဖြစ်သည်။

Metabolic rate သည် အသက်အရွယ်၊ ခန္ဓာကိုယ်အရွယ်အစား၊ ကျန်းမာရေး အခြေအနေနှင့် လိင်ပေါ် တွင် မူတည်၍ ပြောင်းလဲမှုရှိသည်။ အသက်ကြီးလာလေ metabolic rate ကျဆင်းလာလေလေ ဖြစ်သည်။ ထို့ကြောင့်

အသက် (၃၀)ကျော်လာလျှင် အစာစားသုံးမှု ပုံမှန်အတိုင်း ဖြစ်သော်ငြားလည်း ကိုယ်အလေးချိန် တိုးလာတတ်ကြသည်။ Metabolic activity သည် ဦးနှောက်(brain)နှင့် အသဲ(liver)တွင် ၅၀ ရာခိုင်နှုန်းခန့် ဖြစ်ပေါ်သည်။ ထိုအင်္ဂါနှစ်မျိုးသည် ခန္ဓာကိုယ်အလေးချိန်၏ (၄)ရာခိုင်နှုန်းမျှသာ ဖြစ်သည်။ ကလေးများတွင် basal metabolic activity ၏ တစ်ဝက်ကျော် (၅၀ရာခိုင်နှုန်း)သည် ဦးနှောက်တွင် ဖြစ်သည်။




ခန္ဓာကိုယ်ကို cntrol volume အဖြစ် သတ်မှတ်လျှင် အစားအစာသည် အဝင်စွမ်းအင်(E in) ဖြစ်ပြီး body heat သည် အထွက်စွမ်းအင်(E out) ဖြစ်သည်။ ခန္ဓာကိုယ် အတွင်း တွင် မည်သည့် ဖြစ်စဉ်များ မည်ကဲ့သို့ ဖြစ်နေပါစေ အဝင်စွမ်းအင်(E in) နှင့် အထွက်စွမ်းအင် (E out) တူညီရမည်။ ရုပ်မြင်သံကြားစက်ဖြင့် ဥပမာ ပြနိုင်သည်။ TV set မှ 300 watt လျှပ်စစ်စွမ်းအင်ကို အသုံးပြုလျှင် ထို TV set မှ 300 watt ကို အပူစွမ်းအင်အဖြစ် စွန့်ထုတ်(reject) ရမည်။ TV set ၏ အထဲ တွင် မည်သည့် circuit က မည်သည့်အလုပ်ကို လုပ်ပေးသည် ဖြစ်စေ ထိုသဘော တရားမှာ စွမ်းအင်တည်မြဲမှုနိယာမ (Law of Conservation of Energy ) ပင်ဖြစ်သည်။

သာမန်ယောကျ်ားတစ်ယောက်သည် (၂၄၀၀)ကယ်လိုရီ (Calories) မှ (၂၇၀၀)ကယ်လိုရီ(Calories) နေ့စဉ် လိုအပ်သည်။ သို့သော် သာမန် အမျိုးသမီးတစ်ယောက်သည် ၁၈၀၀ ကယ်လိုရီ မှ ၂၂၀၀ ကယ်လိုရီ နေ့စဉ် လိုအပ်သည်။

နေ့စဉ်လိုအပ်သည့် ကယ်လိုရီထက် ပိုမိုစားသုံးပါက ပိုသည့် ကယ်လိုရီများကို ခန္ဓာကိုယ်မှ အဆီ(body fat)အဖြစ် သိုလှောင် သိမ်းဆည်း ထားသည်။ အကယ်၍ လိုအပ်သည့် ကယ်လိုရီ ပြည့်အောင် စားသုံးခြင်း မရှိသည့် အချိန်တွင် ခန္ဓာကိုယ်မှ အဆီများ (Body fat) များကို ချေဖျက် ဖျော်ချပြီး ကယ်လိုရီ ဖြစ်စေသည်။

ခန္ဓာကိုယ်မှအဆီ (body fat) တစ်ကီလို အလေးချိန်သည် 33.1 MJ ပမာဏရှိသည့် metabolism energy ဖြစ်သည်။ အစားအစာ လုံးဝစားသုံးခြင်း မရှိသူတစ်ယောက် starving person (zero energy intake) သည် နေ့စဉ် အသက်ရှင်ရန်အတွက် (၂၂၀၀)ကယ်လိုရီ (9211 KJ) လိုအပ်သည်။ ထို (၂၂၀၀)ကယ်လိုရီကို အဆီများမှ ရရှိသည်။ (9211/ 33100 = 0.28 kg)

လူတစ်ယောက်သည် တစ်နေ့ အစာမစားလျှင် ခန္ဓာကိုယ်မှ အဆီ (body fat) ၀.၂၈ ကီလိုကို ချေဖျက်ပြီး တစ်နေ့တာ လိုအပ်သော စွမ်းအင်ကို ဖြစ်စေသည်။ ထို့ကြောင့် လူတစ်ယောက်သည် အစာမစားဘဲ ရက်ပေါင်း (၁၀၀)ကျော် အသက်ရှင် နိုင်သည်။ ခန္ဓာကိုယ်မှ ရေဓာတ်ဆုံးရှုံးခြင်း(dehydration) နှင့် ဆီးသွားခြင်းတို့ကြောင့် ရေသောက်ရန် လိုအပ်သည်။

Approximate energy consumption of a 68-kg adult during some activities (1 Calorie = 4.1868 kJ = 3.968 Btu)

| Activity | Calories/h |
|---|---|
| Basal metabolism | 72 |
| Basketball | 550 |
| Bicycling (21 km/h) | 639 |
| Cross-country skiing (13 km/h) | 936 |
| Driving a car | 180 |
| Eating | 99 |
| Fast dancing | 600 |
| Fast running (13 km/h) | 936 |
| Jogging (8 km/h) | 540 |
| Swimming (fast) | 860 |
| Swimming (slow) | 288 |
| Tennis (advanced) | 480 |
| Tennis (beginner) | 288 |
| Walking (7.2 km/h) | 432 |
| Watching TV | 72 |

လူ၏ energy consumption (metabolism rate) သည် ခန္ဓာကိုယ်၏ အလေးချိန် (အရွယ်အစား)ကို လိုက်၍ လိုအပ်သည်။

**ဥပမာ-** အလေးချိန် 68 kg ရှိသော စက်ဘီးနင်းသည့် လူတစ်ယောက်သည် အထက်ပါ ဇယားအရ 639 ကယ်လိုရီ လိုအပ်လျှင် 50 kg အလေးချိန်ရှိသော စက်ဘီးသမား၏ metabolism rate ကို အောက်ပါအတိုင်း တွက်ချက်နိုင်သည်။

$$(50\ kg)x\frac{639\ Calories/\ hr}{68\ kg} = 470\ Calories/\ hr$$

ထို့အတူ 100 kg စက်ဘီးသမား တစ်ယောက်အတွက် 960 Calories/ hr လိုအပ်မည်။

## Cooling Load နှင့်သက်ဆိုင်သော Rule of Thumb များ

### People and Occupancy

ACMV တွက်ချက်မှုများပြုလုပ်ရာတွင် cooling load တွက်ရန်အတွက် data များစွာလိုအပ်သည်။ လိုအပ်မှု Data အားလုံးကိုရရှိရန်အတွက် တစ်ခါတစ်ရံ အလွန်ခက်ခဲသည်။ ထို့ကြောင့် တွက်သည့် အချိန် ၌ မရရှိနိုင်သော Data များအတွက် သင့်လျော်သည့် ခန့်မှန်းချက်များ(estimation) ပြုလုပ်ရလေ့ရှိသည်။ Rule of thumb ဆိုသည်မှာ လက်တွေ့အလုပ်ခွင်တွင် အတွေ့အကြုံ အရ လက်ခံထားသော၊ လုပ်လေ့ လုပ်ထရှိသော သတ်မှတ်ချက်များ၊ ယူဆချက်များနှင့် စည်းမျဉ်းများဖြစ်သည်။ (Rule of Thumb = rule based on experience or practice rather than theory. )

### Occupancy

Comfort air conditioning system အများအတွက် cooling load တွက်လျှင် အခန်း သို့မဟုတ် အဆောက်အဦအတွင်းရှိ လူများမှ ထွက်သည့် Heat load ကို မဖြစ်မနေထည့်တွက်ရန်လိုအပ်သည်။ အတိအကျ တွက်ရန်အတွက် ယောက်ကျား၊ မိန်းမ နှင့် ခလေးငယ် အရေအတွက်ကိုသိရန်လိုသည်။ အရေအတွက် အတိအကျကို architect ကသာ အနီးစပ်ဆုံး ခန့်မှန်းပေးနိုင်သည်။ အကယ်၍ လူအရေအတွက်မရခဲ့သော် cooling load တွက်ရန် အတွက် လိုအပ်သော occupancy rate ကို ကြမ်းခင်းဧရိယာ(floor area) တွက်ယူ နိုင်သည်။ အခန်း အမျိုးအစားကို

လိုက်၍ ရှိနိုင်မည့်လူအရေအတွက်သည် ပြောင်းလဲနေသည်။ ထို့ကြောင့် occupancy rate ကို အခန်းအမျိုးအစားနှင့် ကြမ်းခင်းဧရိယာ(floor area)မှတစ်ဆင့် Rule of Thumb ဖြင့် ခန့်မှန်း ယူနိုင်သည်။

| **အခန်းအမျိုးအစားများ** | |
|---|---|
| General | 80–150 Sq.Ft./Person |
| Private | 100–150 Sq.Ft./Person |
| Conference, Meeting Rooms | 20–50 Sq.Ft./Person |
| Banks, Court Houses, Municipal Buildings, Town Halls | 50–150 Sq.Ft./Person |
| Police Stations, Fire Stations, Post Offices | 100–500 Sq.Ft./Person |
| Precision Manufacturing | 100–300 Sq.Ft./Person |
| Computer Rooms | 80–150 Sq.Ft./Person |
| Restaurants | 15–50 Sq.Ft./Person |
| Kitchens | 50–150 Sq.Ft./Person |
| Cocktail Lounges, Bars, Taverns, Clubhouses, Nightclubs | 15–50 Sq.Ft./Person |
| Hospital Patient Rooms, Nursing Home Patient Rooms | 80–150 Sq.Ft./Person |
| Hospital General Areas | 50–150 Sq.Ft./Person |
| Medical/Dental Centers, Clinics, and Offices | 50–150 Sq.Ft./Person |
| Residential | 200–600 Sq.Ft./Person |
| Apartments (Eff., 1 Room, 2 Room) | 100–400 Sq.Ft./Person |
| Motel and Hotel Public Spaces | 100–200 Sq.Ft./Person |
| Motel and Hotel Guest Rooms, Dormitories | 100–200 Sq.Ft./Person |
| School Classrooms | 20–30 Sq.Ft./Person |
| Dining Halls, Lunch Rooms, Cafeterias, Luncheonettes | 10–50 Sq.Ft./Person |
| Libraries, Museums | 30–100 Sq.Ft./Person |
| Retail, Department Stores | 15–75 Sq.Ft./Person |
| Drug, Shoe, Dress, Jewelry, Beauty, Barber and Other Shops | 15–50 Sq.Ft./Person |
| Supermarkets | 50–100 Sq.Ft./Person |
| Malls, Shopping Centers | 50–100 Sq.Ft./Person |
| Jails | 50–300 Sq.Ft./Person |
| Auditoriums, Theaters | 5–20 Sq.Ft./Person |
| Churches | 5–20 Sq.Ft./Person |
| Bowling Alleys | 2–6 People/Lane |

**Lighting**

Comfort air conditioning ဖြစ်စေ၊ industrial air conditioning ဖြစ်စေ အလင်းရောင်ရရန် အသုံးပြုထားသော မီးလုံးမီးချောင်း(Lighting)များမှ ထွက်လာသည့် Heat load ကို မဖြစ်မနေထည့်တွက်ရန် လိုအပ်သည်။ အကယ်၍ cooling load တွက်ရန်အတွက် လိုအပ်သော Lighting Heat load မရခဲ့သော် ကြမ်းခင်းဧရိယာ(floor area) မှတစ်ဆင့် တွက်ယူနိုင်သည်။ အခန်းအမျိုးအစားကို လိုက်၍ lighting heat load ပမာဏသည် ပြောင်းလဲနေ၏။ ထို့ကြောင့် Lighting heat load ကို အခန်းအမျိုးအစားနှင့် ကြမ်းခင်းဧရိယာ(floor area)မှတစ်ဆင့် Rule of Thumb ဖြင့် ခန့်မှန်း ယူနိုင်သည်။

| **အခန်းအမျိုးအစားများ** | |
|---|---|

| | |
|---|---|
| Offices, Commercial - General | 1.5–3.0 Watts/Sq.Ft. |
| Offices, Commercial - Private | 2.0–5.0 Watts/Sq.Ft. |
| Conference, Meeting Rooms | 2.0–6.0 Watts/Sq.Ft. |
| Banks, Court Houses, Municipal Buildings, Town Halls | 2.0–5.0 Watts/Sq.Ft. |
| Police Stations, Fire Stations, Post Offices | 2.0–3.0 Watts/Sq.Ft. |
| Precision Manufacturing | 3.0–10.0 Watts/Sq.Ft. |
| Computer Rooms | 1.5–5.0 Watts/Sq.Ft. |
| Restaurants | 1.5–3.0 Watts/Sq.Ft. |
| Kitchens | 1.5–2.5 Watts/Sq.Ft. |
| Cocktail Lounges, Bars, Taverns, Clubhouses, Nightclubs | 1.5–2.0 Watts/Sq.Ft. |
| Hospital Patient Rooms, Nursing Home Patient Rooms | 1.0–2.0 Watts/Sq.Ft. |
| Hospital General Areas | 1.5–2.5 Watts/Sq.Ft. |
| Medical/Dental Centers, Clinics, and Offices | 1.5–2.5 Watts/Sq.Ft. |
| Residential | 1.0–4.0 Watts/Sq.Ft. |
| Apartments (Eff., 1 Room, 2 Room) | 1.0–4.0 Watts/Sq.Ft. |
| Motel and Hotel Public Spaces | 1.0–3.0 Watts/Sq.Ft. |
| Motel and Hotel Guest Rooms, Dormitories | 1.0–3.0 Watts/Sq.Ft. |
| School Classrooms | 2.0–6.0 Watts/Sq.Ft. |
| Dining Halls, Lunch Rooms, Cafeterias, Luncheonettes | 1.5–2.5 Watts/Sq.Ft. |
| Libraries, Museums | 1.0–3.0 Watts/Sq.Ft. |
| Retail, Department Stores | 2.0–6.0 Watts/Sq.Ft. |
| Drug, Shoe, Dress, Jewelry, Beauty, Barber, and Other Shops | 1.0–3.0 Watts/Sq.Ft. |
| Supermarkets | 1.0–3.0 Watts/Sq.Ft. |
| Malls, Shopping Centers | 1.0–2.5 Watts/Sq.Ft. |
| Jails | 1.0–2.5 Watts/Sq.Ft. |
| Auditoriums, Theaters | 1.0–3.0 Watts/Sq.Ft. (၃) |
| Churches | 1.0–3.0 Watts/Sq.Ft. |
| Bowling Alleys | 1.0–2.5 Watts/Sq.Ft. |

Notes:

(၁) The lighting values for most energy conscious construction will be the lower values.

(၂) Actual lighting layouts should be used for calculating lighting loads whenever available.

(၃) စတိတ်ခုံအတွက်အသုံးပြုထားသောမီး သို့ ဇာတ်ခုံမီးများ(theatrical lighting)များမပါဝင် ပါ။

**Appliance/Equipment**

A. Total Appliance/Equipment Heat Gain: 0.5–5.0 Watts/Sq.Ft.

B. Computer equipment loads for office spaces range between 0.5 Watt/Sq.Ft. and 2.5 Watts/Sq.Ft. (recommend 1.5 Watts/Sq.Ft.).

If actual computer equipment loads are available, they should be used in lieu of values listed here.

**Computer Rooms, Data Centers, and Internet Host Facilities**

2.0–300 Watts/Sq.Ft.

**Telecommunication Rooms**

50.0–120 Watts/Sq.Ft.

**Electrical Equipment Heat Gain**

A. Transformers အရွယ်အစားကိုလိုက်၍ ထွက်လာသည့် အပူ(Heat load) များကိုဖော်ပြထားသည်။ electrical load 1 KVA မှ ထွက်လာသည့် အပူ(Heat load) ကို Watts ဖြင့်ဖော်ပြထားသည်။

| | | |
|---|---|---|
| 1. | 150 KVA and Smaller | 50 Watts/KVA |
| 2. | 151–500 KVA | 30 Watts/KVA |
| 3. | 501–1000 KVA | 25 Watts/KVA |
| 4. | 1001–2500 KVA | 20 Watts/KVA |
| 5. | Larger than 2500 KVA | 15 Watts/KVA |

**B. Switchgear အရွယ်အစားကိုလိုက်၍ ထွက်လာသည့် အပူ(Heat load) များကို Watts ဖြင့် ဖော်ပြထားသည်။**

| | | |
|---|---|---|
| 1. | Low Voltage Breaker 0–40 Amps | 10 Watts |
| 2. | Low Voltage Breaker 50–100 Amps | 20 Watts |
| 3. | Low Voltage Breaker 225 Amps | 60 Watts |
| 4. | Low Voltage Breaker 400 Amps | 100 Watts |
| 5. | Low Voltage Breaker 600 Amps | 130 Watts |
| 6. | Low Voltage Breaker 800 Amps | 170 Watts |
| 7. | Low Voltage Breaker 1,600 Amps | 460 Watts |
| 8. | Low Voltage Breaker 2,000 Amps | 600 Watts |
| 9. | Low Voltage Breaker 3,000 Amps | 1,100 Watts |
| 10. | Low Voltage Breaker 4,000 Amps | 1,500 Watts |
| 11. | Medium Voltage Breaker/Switch 600 Amps | 1,000 Watts |
| 12. | Medium Voltage Breaker/Switch 1,200 Amps | 1,500 Watts |
| 13. | Medium Voltage Breaker/Switch 2,000 Amps | 2,000 Watts |
| 14. | Medium Voltage Breaker/Switch 2,500 Amps | 2,500 Watts |

**C. Panel boards:**

1. 2 Watts per circuit (circuit တိုင်းအတွက် 2 Watts ဖြစ်သည်။)

**D. Motor Control Centers**

1. 500 Watts per section—each section is approximately 20″ wide × 20″ deep × 84″high.

20″ အကျယ် × 20″ အရှည် × 84″ အမြင့် ရှိသော Motor Control Centers အတွက် 500 Watts ဖြစ်သည်။

**E. Starters:**

| | | |
|---|---|---|
| 1. | Low Voltage Starters Size 00 | 50 Watts |
| 2. | Low Voltage Starters Size 0 | 50 Watts |
| 3. | Low Voltage Starters Size 1 | 50 Watts |
| 4. | Low Voltage Starters Size 2 | 100 Watts |
| 5. | Low Voltage Starters Size 3 | 130 Watts |
| 6. | Low Voltage Starters Size 4 | 200 Watts |

| | | |
|---|---|---|
| 7. | Low Voltage Starters Size 5 | 300 Watts |
| 8. | Low Voltage Starters Size 6 | 650 Watts |
| 9. | Medium Voltage Starters Size 200 Amp | 400 Watts |
| 10. | Medium Voltage Starters Size 400 Amp | 1,300 Watts |
| 11. | Medium Voltage Starters Size 700 Amp | 1,700 Watts |

**F. Variable Frequency Drives:**

2 to 6 percent of the KVA rating

**G. Miscellaneous Equipment:**

1. Bus Duct 0.015 Watts/Ft/Amp
2. Capacitors 2 Watts/KVAR

Notes:

(၁) electrical equipment heat gain တန်ဖိုးများသည် ထုတ်လုပ်သူ(manufacturer) ကို လိုက်၍ ကွဲပြားလေ့ရှိသောကြောင့် ထုတ်လုပ်သူ(manufacturer) မှဖော်ပြထားသော heat dissipation တန်ဘိုးကိုသာ အသုံးပြုသင့်သည်။

(၂) electrical equipment များ ထားရာအခန်း ၌ overheating အပူချိန် 95°F မှ 104°F အတွင်းထိန်းထားနိုင်ရန် လေဝင်လေထွက်ကောင်းအောင်(ventilation)ပြုလုပ်ထားလေ့ရှိသည်။ အပူချိန် 90°F ထက်နိမ့် သည့် electrical equipment များအတွက် Air Con ပေးလေ့ရှိသည်။ သို့သော်လည်း equipment များခံနိုင်သည့် အပူချိန် electrical engineer များ ထံမှ ရယူ တွက်ချက် သင့်သည်။

(၃) electrical room ၏ ventilation အတွက် ပြင်ပလေ (outside air) ကို အသုံးပြုလျှင် electrical room အပူချိန်သည် အမြင့်ဆုံးပြင်ပ အပူချိန်တွက် 10°F မှ 15°F သာ မြင့်ခွင့်ပြုသည်။ ဥပမာ နွေအခါ၌ ပြင်ပအပူချိန်သည် 100°F ဖြင့်လျှင် electrical room အပူချိန်သည် 100°F ထက်မပိုစေရ။

(၄) အကယ်၍ electrical room အား ဘေးဘက်ခန်းမှ air con လေ ကို အသုံးပြု၍ ventilation လုပ်လျှင်၊ electrical room အပူချိန်သည် ဘေးခန်း အပူချိန်ထက် 10°F မှ 15°F သာ မြင့်ခွင့်ပြုသည်။

**Motor Heat Gain**

A. Motors Only(မော်တာအတွက်သာဖြစ်သည်။) အမောင်းခံရသည့် ပန့်၊ ပန်ကာ စသည်တို့မပါ။

| | | |
|---|---|---|
| 1. | Motors 0 to 2 Hp | 190 Watts/Hp |
| 2. | Motors 3–20 Hp | 110 Watts/Hp |
| 3. | Motors 25–200 Hp | 75 Watts/Hp |
| 4. | Motors 250 Hp and Larger | 60 Watts/Hp |

အောက်တွင်ဖော်ပြထားသောဇယားသည် မော်တာနှင့်အမောင်းခံရသည့် စက်ပစ္စည်းတို့သည် အခန်းတစ်ခု အတွင်းတွင်ရှိလျှင် ထွက်ရှိမည့်အပူပမာဏ၊ မော်တာတစ်ခုတည်းသာ အခန်းတစ်ခု အတွင်းတွင်ရှိလျှင် ထွက်ရှိမည့် အပူပမာဏ နှင့် အမောင်းခံရသည့် စက်ပစ္စည်းသည် အခန်းတစ်ခု အတွင်းတွင် ရှိလျှင် ထွက်ရှိမည့်အပူပမာဏ တို့ကို ဖော်ပြထားသည်။

**B. Motors and Driven Equipment are shown in the following table:**

| MOTOR HORSEPOWER | LOCATION OF MOTOR AND DRIVEN EQUIPMENT WITH RESPECT TO CONDITIONED SPACE OR AIRSTREAM | | |
|---|---|---|---|
| | MOTOR IN, DRIVEN EQUIPMENT IN BTU/HR | MOTOR OUT, DRIVEN EQUIPMENT IN BTU/HR | MOTOR IN, DRIVEN EQUIPMENT OUT BTU/HR |
| 1/20 | 360 | 130 | 240 |
| 1/12 | 580 | 200 | 380 |
| 1/8 | 900 | 320 | 590 |
| 1/6 | 1,160 | 400 | 760 |
| 1/4 | 1,180 | 640 | 540 |
| 1/3 | 1,500 | 840 | 660 |
| 1/2 | 2,120 | 1,270 | 850 |
| 3/4 | 2,650 | 1,900 | 740 |
| 1 | 3,390 | 2,550 | 850 |
| 1-1/2 | 4,960 | 3,820 | 1,140 |
| 2 | 6,440 | 5,090 | 1,350 |
| 3 | 9,430 | 7,640 | 1,790 |
| 5 | 15,500 | 12,700 | 2,790 |
| 7-1/2 | 22,700 | 19,100 | 3,640 |
| 10 | 29,900 | 24,500 | 4,490 |
| 15 | 44,400 | 38,200 | 6,210 |
| 20 | 58,500 | 50,900 | 7,610 |
| 25 | 72,300 | 63,600 | 8,680 |
| 30 | 85,700 | 76,300 | 9,440 |
| 40 | 114,000 | 102,000 | 12,600 |
| 50 | 143,000 | 127,000 | 15,700 |
| 60 | 172,000 | 153,000 | 18,900 |
| 75 | 212,000 | 191,000 | 21,200 |
| 100 | 283,000 | 255,000 | 28,300 |
| 125 | 353,000 | 318,000 | 35,300 |
| 150 | 420,000 | 382,000 | 37,800 |
| 200 | 569,000 | 509,000 | 50,300 |
| 250 | 699,000 | 636,000 | 62,900 |

**အခြားသောလိုက်နာရန်အချက်များ**

(က) Equipment load များကို တွက်ချက်ရာတွင် Actual equipment layouts and information ကိုသာ အသုံးပြုသင့်သည်။

(ခ) Movie projectors ၊ slide projectors ၊ overhead projectors နှင့် အလားတူ equipment များမှ ထွက်သော heat load ကို ထည့်တွက်ရန်မလိုအပ်ပါ။ အဘယ်ကြောင့်ဆိုသော် ထို equipment များ အသုံးပြုနေချိန်တွင် အလင်းရောင်ရရန် ထွန်းထားသောမီးများ(lights)ကို ပိတ်ထားသောကြောင့် ဖြစ်သည်။ များသောအားဖြင့် lighting load သည် ထို equipment များ၏ heat load ထက် ပိုများကြသည်။

(ဂ) equipment loads ကိုတွက်ချက်ရာတွင် coffee pots, microwave ovens, refrigerators, food warmers

များ၏ heat ကိုထည့်သွင်းတွက်ချက်ရန် လိုအပ်သည်။

(ဃ) owner, architect, engineer, or consultant တို့ထံမှ Kitchen, laboratory, hospital, computer room, and process equipment တို့၏ အချက်အလက်များကို တောင်းယူအသုံးပြုရန် လိုအပ်သည်။ အဘယ်ကြောင့်ဆိုသော် ထို equipment များသည် အမျိုးအစား နှင့် လုပ်ဆောင်ပုံတို့ တူညီ ကြသော်လည်း အပူထွက်နှုန်းများစွာကွဲပြားသည်။

## ၉. Cooling Load Factors

### Diversity Factors

Diversity factor ဆိုသည်မှာ - လူများ၊ lighting များ နှင့် equipment များ ၏ အမြင့်ဆုံး load ကို တစ်ခုချင်းစီ တွက်ယူပြီး total load အဖြစ် ပေါင်းယူသည်။ သို့သော် ထိုတစ်ချင်းစီ တွက်ထားသော အမြင့်ဆုံး load များသည် အားလုံးတစ်ပြိုင်နက် တစ်ချိန်တည်းမဖြစ်ပေါ်နိုင်ပေ။ ထိုကဲ့သို့ total loads နှင့် actual usage ကွဲပြားချက်သည် diversity factor ဖြစ်သည်။ Diversity factor သည် အဆောက်အဦ အမျိုးအစား နှင့် occupancy တို့ အပေါ်တွင် မူတည်၍ ကွဲပြားသည်။ အောက်တွင်ဖော်ပြထားသည့် Diversity factor သည် ရုံးအဖြစ်အသုံးပြုသည့် အဆောက်အဦ(office buildings)နှင့် အလားတူ အဆောက်အဦများ အတွက် ဖြစ်သည်။

**A. Room/Space Peak Loads:**

1. People 1.0 x Calc. Load
2. Lights 1.0 x Calc. Load
3. Equipment 1.0 x Calc. Load*

*Calc. Load may have diversity factor calculated with individual pieces of equipment or as a group or not at all.

**B. Floor/Zone Block Loads:**

| | | |
|---|---|---|
| 1. | People | 0.90 x Sum of Peak Room/Space People Loads |
| 2. | Lights | 0.95 x Sum of Peak Room/Space Lighting Loads |
| 3. | Equipment | 0.90 x Sum of Peak Room/Space Equipment Loads |
| 4. | Floor/Zone Total Loads | 0.90 x Sum of Peak Room/Space Total Loads |

**C. Building Block Loads:**

| | | |
|---|---|---|
| 1. | People | 0.75 x Sum of Peak Room/Space People Loads |
| 2. | Lighting | 0.95 x Sum of Peak Room/Space Lighting Loads |
| 3. | Equipment | 0.75 x Sum of Peak Room/Space Equipment Loads |
| 4. | Building Total Load | 0.85 x Sum of Peak Room/Space Total Loads |

**Safety Factors**

| | | |
|---|---|---|
| A. | Room/Space Peak Loads | 1.1 x Calc. Load |
| B. | Floor/Zone Loads (Sum of Peak) | 1.0 x Calc. Load |
| C. | Floor/Zone Loads (Block) | 1.1 x Calc. Load |
| D. | Building Loads (Sum of Peak) | 1.0 x Calc. Load |
| E. | Building Loads (Block) | 1.1 x Calc. load |
| F. | ASHRAE Standard 90.1-1989 | 10% Maximum Safety Factor |

**Cooling Load Factors**

A. Lighting Load Factors:

1. Fluorescent Lights 1.25 x Bulb Watts
2. Incandescent Lights 1.00 x Bulb Watts
3. HID Lighting 1.25 x Bulb Watts

**B. Return Air Plenum (RAP) Factors:**

1. Heat of Lights to Space with RAP 0.76 x Lighting Load
2. Heat of Lights to RAP 0.24 x Lighting Load
3. Heat of Roof to space with RAP 0.30 x Roof Load
4. Heat of Roof to RAP 0.70 x Roof Load

**C. Ducted Exhaust or Return Air (DERA) Factors:**

1. Heat of Lights to Space with DERA 1.00 x Lighting Load
2. Heat of Roof to Space with DERA 1.00 x Roof Load

**D. Other Cooling Load Factors (CLF) are in accordance with ASHRAE Recommendations:**

CLF x Other Loads

**ASHRAE Standard 90.1-1989**

A. Pick-Up Loads 10% Maximum System Capacity Allowance for Morning Cool Down Cycles

B. Safety Factor 10% Maximum

**Offices, Commercial**

**A. General:**

1. Total Heat 300–400 Sq.Ft./Ton; (Range 230–520)
2. Total Heat 30–40 Btuh/Sq.Ft.; (Range 23–52)
3. Room Sens. Heat 25–28 Btuh/Sq.Ft.; (Range 19–37)
4. SHR 0.75–0.93
5. Perimeter Spaces 1.0–3.0 CFM/Sq.Ft.
6. Interior Spaces 0.5–1.5 CFM/Sq.Ft.
7. Building Block CFM 1.0–1.5 CFM/Sq.Ft.
8. Air Change Rate 4–10 AC/Hr.

**B. Large, Perimeter:**

1. Total Heat 225–275 Sq.Ft./Ton
2. Total Heat 43–53 Btuh/Sq.Ft.

**C. Large, Interior:**

1. Total Heat 300–350 Sq.Ft./Ton
2. Total Heat 34–40 Btuh/Sq.Ft.

**D. Small:**

1. Total Heat 325–375 Sq.Ft./Ton
2. Total Heat 32–37 Btuh/Sq.Ft.

**Banks, Court Houses, Municipal Buildings, Town Halls**

A. Total Heat 200–250 Sq.Ft./Ton (Range 160–340)
B. Total Heat 48–60 Btuh/Sq.Ft. (Range 35–75)
C. Room Sens. Heat 28–38 Btuh/Sq.Ft. (Range 21–48)
D. SHR 0.75–0.90
E. Air Change Rate 4–10 AC/Hr.

**Police Stations, Fire Stations, Post Offices**

A. Total Heat 250–350 Sq.Ft./Ton (Range 200–400)
B. Total Heat 34–48 Btuh/Sq.Ft. (Range 30–60)
C. Room Sens. Heat 2 5–35 Btuh/Sq.Ft. (Range 20–40)
D. SHR 0.75–0.90

**Precision Manufacturing**

A. Total Heat 50–300 Sq.Ft./Ton
B. Total Heat 40–240 Btuh/Sq.Ft.
C. Room Sens. Heat 32–228 Btuh/Sq.Ft.
D. SHR 0.80–0.95
E. Air Change Rate 10–50 AC/Hr.

**Computer Rooms**

A. Total Heat 50–150 Sq.Ft./Ton
B. Total Heat 80–240 Btuh/Sq.Ft.
C. Room Sens. Heat 64–228 Btuh/Sq.Ft.
D. SHR 0.80–0.95
E. Air Flow 2.0–4.0 CFM/Sq.Ft.
F. Air Change Rate 15–20 AC/Hr.

**Restaurants**

A. Total Heat 100–250 Sq.Ft./Ton (Range 75–300)
B. Total Heat 48–120 Btuh/Sq.Ft. (Range 40–155)
C. Room Sens. Heat 21–62 Btuh/Sq.Ft. (Range 20–80)
D. SHR 0.65–0.80
E. Air Flow 1.5–4.0 CFM/Sq.Ft.
F. Air Change Rate 8–12 AC/Hr.

**Kitchens (Depends Primarily on Kitchen Equipment)**

A. Total Heat 150–350 Sq.Ft./Ton (At 85°F. Space)
B. Total Heat 34–80 Btuh/Sq.Ft. (At 85°F. Space)
C. Room Sens. Heat 20–56 Btuh/Sq.Ft. (At 85°F. Space)
D. SHR 0.60–0.70
